**Embassy of the Union of Myanmar**
**Singapore**

သို့

**မြန်မာကလပ်**
**မြန်မာလုပ်ငန်းရှင်များအသင်း**
**မြန်မာနိုင်ငံသားအားလုံး**
**စင်ကာပူနိုင်ငံ**

အကြောင်းအရာ။ <u>ဝင်ငွေခွန် ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံသားများအား Export Earning ဆိုင်ရာ ငွေစာရင်းပြောင်းခြင်း၊ Account Transfer ဖြင့် သွင်းကုန် အခွင့်အရေး (Import Right) ပေးမည့်အကြောင်း အသိပေးအကြောင်းကြားခြင်း</u>

၁။ အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ စင်ကာပူနိုင်ငံတွင် ရောက်ရှိ အလုပ်လုပ်ကိုင်နေထိုင်လျက်ရှိပြီး၊ နိုင်ငံတော်သို့ ဝင်ငွေခွန် ပေးဆောင်လျက်ရှိသော မြန်မာနိုင်ငံသားများအတွက် ၂၀၀၅ ခုနှစ်၊ ဩဂုတ်လ (၂) ရက်နေ့၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၌ ကျင်းပ ပြုလုပ်ခဲ့သော Export Earning ဆိုင်ရာ ငွေစာရင်းပြောင်းခြင်း၊ Account Transfer ဖြင့် သွင်းကုန် အခွင့်အရေး (Import Right) ပေးမည့် ကိစ္စရပ်များ အစည်းအဝေးမှ အောက်ပါအချက်များကို ဆုံးဖြတ်ခဲ့ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်-

(က) ယခုအချိန်မှစ၍ Account Transfer နည်းလမ်းဖြင့် သွင်းကုန်အခွင့်အရေး (Import Right) များ ခွင့်ပြုပေးသွားမည်ဖြစ်ရာ အောက်ပါနည်းလမ်းများဖြင့် ရရှိသော နိုင်ငံခြားငွေများကို Export Earning အဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း-

(၁) ပို့ကုန်မှ ရငွေများ
(၂) လက်ခစားလုပ်ငန်း၊ (CMP) စနစ်ဖြင့် ရငွေများ
(၃) ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်လုပ်ကိုင်ကြရာမှ ရငွေများ (သင်္ဘောသားများ၊ အလုပ်သမားများ)
(၄) ကျောက်မျက်ရတနာရောင်းရငွေများ

(ခ) ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေကြသော တရားဝင်အလုပ်သမားများ အနေဖြင့် Myanma Foreign Trade Bank (MFTB) နှင့် ၎င်း၏ Correspondent Bank များမှ တစ်ဆင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းလိုက် ဖြစ်စေ၊ ငွေလွှဲပြောင်းပေးပို့နိုင်မည်ဖြစ်ပြီး၊ Import Right အနေဖြင့် စီးပွားရေးနှင့်

ကုန်သွယ်ရေး ဝန်ကြီးဌာနနှင့် Trade Council သို့ သွင်းကုန်လိုင်စင်များ လျှောက်ထားနိုင်ကြောင်း၊

(ဂ) သွင်းကုန်အမျိုးအစားနှင့် အခြားသိရှိလိုသော အသေးစိတ် အချက်အလက်များကို ပြန်ကြားပေးမည်ဖြစ်ကြောင်း၊

(ဃ) CNG မော်တော်ယာဉ်များ တင်သွင်းခွင့်ကို လျှောက်ထားလာပါက ဘင်ပြုပေးမည်ဖြစ်ကြောင်း၊

(င) Account Transfer နည်းဖြင့် လွှဲပို့ငွေများ သက်ဆိုင်ရာသို့ ချောမောစွာ ရောက်ရှိရေးအတွက် MFTB နှင့် MICB ဘဏ်များမှ တာဝန်ယူမည်ဖြစ်ကြောင်း၊

၂။ သို့ပါ၍၊ မြန်မာနိုင်ငံသားများ အနေဖြင့် လိုအပ်သလို ဆောင်ရွက်နိုင်ရန် အသိပေး အကြောင်းကြားအပ်ပါသည်။

၁၀.၈.၂၀၀၅

( ဝင်း မြင့် )
သံအမတ်ကြီး

ရက်စွဲ၊ ၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်။

MICB - Myanma Investment & Commercial Bank